**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/NM/၀၂၅ /၂၀၁၉
ရက်စွဲ၊ ၂၀၁၉ – ခုနှစ်၊ နိုဝင်ဘာလ(၁၄) ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။

(၁) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးရုံး၏ (၃၁–၁၀–၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ဆသ–၅/ အပရ (SMW3–Repair)/၂၀၁၉ (၁၃၅၅)

(၂) နိုင်ငံတော်သမ္မတရုံး၏ (၅–၁၁–၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၂၂ (၁၅/၁၈၃၃)/၇/သမ္မတရုံး

(၃) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးရုံး၏ (၈–၁၁–၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ဆသ–၅/ အပရ (SMW3–Repair)/ ၂၀၁၉ (၁၃၈၆)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာဆက်သွယ်ရေးဆက်ကြောင်းအဖြစ် အသုံးပြုနေသည့်SEA–ME–WE 3(South East Asia –Middle East–Western Europe 3) အာရှ–ဥရောပရေအောက်ကေဘယ်လ် ဆက်သွယ်ရေးစနစ်သည် ၁၈–၁၀–၂၀၁၉ ရက်နေ့ (၁၃:၂၂) နာရီတွင် ပင်လယ်အတွင်း Repeater R401 နှင့် Repeater R402 အကြားတွင် ရေအောက်ကေဘယ်လ် ချို့ယွင်းမှု ဖြစ်ပေါ်ခဲ့၍ ရေအောက်ကေဘယ်လ်ပြုပြင်ရေးသင်္ဘော ASEAN Restorer မှ မြန်မာနိုင်ငံရေပိုင်နက်အတွင်း ဝင်ရောက်၍ လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

၂။ အဆိုပါ SEA–ME–WE 3 ရေအောက်ကေဘယ်လ်ချို့ယွင်းမှုသည် ခန့်မှန်းတည်နေရာ LAT 15˚ 26.894' N နှင့် LONG 095˚ 42.220' E တွင် ဖြစ်ပေါ်နေပြီး ရေအောက်ကေဘယ်လ် ပြုပြင်ရေးသင်္ဘော ASEAN Restorer မှ (၁၂–၁၁–၂၀၁၉) ရက်နေ့မှ (၁–၁၂–၂၀၁၉) ရက်နေ့အထိ ပူးတွဲပါ ဇရိယာပြနေရာများတွင် ရေအောက်ကေဘယ်လ် ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတည်နေရာအတွင်း၌ ရေအောက်ကေဘယ်လ်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်း သင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊

ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန် ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

ကိုကိုနိုင်-ညွှန်ကြားရေးမှူး(SSE)